

# ဆရာတော် ဦးဝိသုဒ္ဓ၏ အတ္ထုပ္ပတ္တိအကျဉ်း


## ညောင်ကန်အေးသာသနာ့ရိပ်သာ

BLK 209# 02-141, Yishun St 21, Singapore 760209

67593375/ 84140977

ashinvisuddha@gmail.com

www.nyaungkanaye.sg


### ဆရာတော်လောင်းလျာ ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာကို မန္တလေးတိုင်း၊ မြင်းခြံမြို့နယ်၊ ထနောင်းတိုင်ကျေးရွာ၌ ၁၃၂၉-ခု၊ ပြာသိုလ်လဆန်း ၄ ရက်၊ ဗုဒ္ဓဟူးတွင်ဖွားမြင်တော်မူသည်။ (03-01-1968)

### သာမဏေအဖြစ်သို့ ရောက်ရှိတော်မူခြင်း

ဆရာတော်လောင်းလျာသည် မန္တလေးတိုင်း၊ မလှိုင်မြို့၊ မဟာဗောဓိတောရကျောင်း၌ ဆရာတော်ဘဒ္ဒန္တကုဏ္ဍလကိုဥပဇ္ဈာယ်ပြု၍ ၁၃၄၅-ခု တပေါင်းလဆန်း ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့တွင် ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူသည်။ (14-03-1984)

### ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခြင်း

ဆရာတော်လောင်းလျာသည် မန္တလေးတိုင်း၊ မလှိုင်မြို့၊ ရွာရှေ့ကျောင်း ခဏ္ဍသိမ်၌ သာသနာ့ဂေဟပုလ္လလေးမျက်နှာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဓမ္မိကကို ဥပဇ္ဈာယ်ပြု၍ ၁၃၄၈-ခုနှစ်၊ တန်ခူးလဆန်း ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့တွင် ရဟန်းအဖြစ်သို့ရောက်တော်မူသည်။ (08-04-1987)

### စာပေပရိယတ္တိ၊ ပဋိပတ္တိသင်ယူဆည်းပူးတော်မူခြင်း

မန္တလေးတိုင်း၊ မလှိုင်မြို့၊ သာသနာ့ဂေဟပုလ္လလေးမျက်နှာကျောင်းတိုက်ဆရာတော်ဘဒ္ဒန္တဓမ္မိက၊ ရန်ကုန်တိုင်း၊ ဗဟန်းမြို့၊ မဟာဝိသုဒ္ဓါရုံရွှေကျင်ကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တကောဏ္ဍည၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ယောဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ၊ တောင်ကြီးမြို့၊ သိမ်တောင်ပရိယတ္တိစာသင်တိုက် ဆရာတော်ဘဒ္ဒန္တဆန္ဒာဓိကတို့၏အထံတွင် ပရိယတ္တိစာပေများကို သာသနာ့ဓဇဓမ္မာစရိယဘွဲ့ရသည်အထိ သင်ယူခဲ့သည်။ သီရိလင်္ကာနိုင်ငံ၊ ကိုလံဘိုမြို့၊ Buddhist and Pali University တွင် M.A (Buddhism) ဘွဲ့ ရသည်အထိသင်ယူခဲ့သည်။ ရန်ကုန်တိုင်း၊ အင်းစိန်မြို့ ညောင်ကန်အေးသာသနာ့ရိပ်သာ၊ မဟာဓမ္မကထိကဗဟုဇနဟိတဓရ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဆရာတော် ဒေါက်တာအရှင်ဣန္ဒကထံတွင် ပဋိပတ္တိကိုနည်းခံသင်ယူ အားထုတ်ခဲ့သည်။

### စာပေသင်ကြားပို့ချခြင်း

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ သိမ်တောင်ပရိယတ္တိစာသင်တိုက်နှင့် ရန်ကုန်တိုင်း၊ ဗဟန်းမြို့၊ မဟာဝိသုဒ္ဓါရုံရွှေကျင်တိုက်တို့တွင် ပရိယတ္တိစာပေများကို သင်ကြားပို့ချပေးတော်ခဲ့သည်။

### ပြည်ပသာသနာပြုတော်မူခြင်း

မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့၊ ပူချုန်းခြောက်မိုင်ရှိ ညောင်ကန်အေးသာသနာ့ရိပ်သာ၌ သတိပဋ္ဌာန်ဝိပဿနာ တရားတော်တို့ကို ဟောပြော ညွှန်ပြ သာသနာပြုခဲ့ပြီး ယခုအခါ စင်္ကာပူနိုင်ငံ၊ ရီရှွန်း၊ ညောင်ကန်အေးသာသနာ့ရိပ်သာတွင် သတိပဋ္ဌာန်ဝိပဿနာတရားတော်တို့ကို ဟောပြောညွှန်ပြ သာသနာပြုလျှက်ရှိပါသည်။